# Easy Lock Your Open Application

စာဖတ်သူ၏ **Windows** ပေါ်မှာ **Run** နေတဲ့ **Application** တွေကို လုပ်ငန်းစဉ်မပျက်ဘဲ လွယ်ကူစွာပဲ **LOCK** ချနိုင်ပါပြီ။

ဥပမာ **-** စာဖတ်သူက အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေကို **Application** တွေပေါ်မှာ တင်သုံးနေမယ်။ ထိုအချိန်မှာပင် စာဖတ်သူ၏ ကွန်ပျူတာက တခြားသူကို ချက်ခြင်းပေးသုံးရမည်ဆိုပါစို့။ **(** သို့မဟုတ် **)**မိမိ၏ကွန်ပျူတာကို သုံးစွဲနေစဉ် မိမိက အပြင်ခဏတာ သွားဖို့ကြုံလာခဲ့မယ်။ **Application** တွေကိုလည်း တခြားသူ ဝင်မသုံးစေချင်ဘူး ဆိုပါစို့။

အဲဒီလိုအခြေအနေမျိုးတွေမှာ ဆိုရင် ဒီ **LockThis** ဆိုတဲ့ **Software** မျိုးက အသုံးဝင်လာပါပြီ။ **LockThis Software** က စာဖတ်သူအတွက်လည်း အသုံးဝင်မည်၊ အကျိုးရှိမည် ဆိုပါက ယခုပဲ**...**

[http://duriosoft.info/products/lockthis/12.html](http://duriosoft.info/products/lockthis/12.html)

လိပ်စာတွင် **Click** နှိပ်ပြီး **LockThis Software** ကို **Download** ယူလိုက်ပါ ခင်ဗျာ။

ပြီးလျှင်တော့ လုပ်နေကြအတိုင်းပဲ ရလာတဲ့ **<.exe>** ဖိုင်ကို ဖွင့်ပြီး **Install** လုပ်လိုက်ပါ။ စာဖတ်သူ၏ **Desktop** ပေါ်တွင် သော့ခလောက်ပုံ **Icon** လေးရောက်နေပါပြီ။ ဖွင့်ပြီး **Run** လိုက်ပါ။ ထိုစဉ် စာဖတ်သူ၏ **Task Bar** တွင် ပေါ်လာပြီး **Auto** အလုပ်လုပ်နေပါပြီ။ အခုဆိုလျှင်မည်သည့် **Application** မဆို **Minimize** လုပ်ပြီး **Lock** ချလို့ရပါပြီ။
**(ချွင်းချက် - Mozilla FireFox Browser ၏ မည်သည့် Version မဆို LockThis Software ဖြင့် LOCK ချလို့ရမည် မဟုတ်ပါ။)**
အသုံးပြုပုံမှာ **-** မိမိကြိုက်ရာ **Application** တစ်ခုခုကို ဖွင့်သုံးပါ။ (ဥပမာ **- Microsoft Word, Internet Explorer)**




ပြီးလျှင် **Minimize Button** ပေါ်တွင် **Ctrl + Click** နှိပ်ပေးလိုက်ပါ။ သုံးစွဲနေသော **Application** သည် **Minimize** ဖြစ်ပြီး **Lock** ကျသွားသည့်ပုံစံကို ခဏတာမြင်တွေ့ရပါမည်။



ပြန်လည်ဖွင့်ကြည့်ပါက **Security Password** တောင်းနေပါမည်။
မှန်ကန်အောင်ရိုက်ပေးနိုင်မှသာလျှင် ပြန်လည်အသုံးပြုလို့ရပါမည်။

**LockThis Software** ၏ **Default Password** က **"LockThis!" (Double Quote** အဖွင့်အပိတ်မပါ။**)** ဖြစ်ပါတယ်။ မိမိကြိုက်နှစ်သက်ရာ **Password** ကိုလည်း ပြောင်းလဲပေးနိုင်ပါတယ်။ ပြုလုပ်ချင်ပါက **- TaskBar** ၏ ညာဘက်တွင်ပေါ်နေသော သော့ခလောက်ပေါ်တွင် **Right Click** နှိပ်ပြီး **Admin Panel** ကိုရွေးပါ။




အဲဒီ ပြင်ဆင်မှု ပြုလုပ်နိုင်ဖို့အတွက် လက်ရှိအသုံးပြုနေသော **Password** ကိုတောင်းနေပါလိမ့်မည်။ **Password** က **"LockThis!" (Double Quote** အဖွင့်အပိတ်မပါ။**)** လို့ရိုက်လိုက်ပါ။



ဆက်လက်ပြီး **Password** ပြောင်းလဲဖို့အတွက် **Change Admin Password** ဆိုသည့် **Button** ပေါ်တွင် နှိပ်ပါ။ အဲဒီမှာလည်း လက်ရှိအသုံးပြုနေသည့် **Password** ကို ရိုက်ပေးဖို့တောင်းဆိုနေပါလိမ့်မည်။




**"LockThis!" (Double Quote** အဖွင့်အပိတ်မပါ။**)** လို့ရိုက်ပေးလိုက်ပါ။ အဲဒီလိုမှန်ကန်ပြီဆိုမှ ကိုယ်ပေးချင်သည့် နှစ်သက်ရာ **Password** ကို ရိုက်ထည့်လိုက်ပါ။ ပြီးမှ **OK** နဲ့ထွက်ပါ။ အဲဒီမှာ နောက်ထပ် **Message Box** တစ်ခု ထပ်ကျလာပါမည်။




**OK** မှာ ထပ်နှိပ်ပေးလိုက်ပါ။ ပြီးလျှင်တော့ **Application** တခုတခုကိုဖွင့်ပြီး **Minimize Button** ပေါ်မှာ **Ctrl+Click** နှိပ်ပြီး **Lock** ချကြည့်ပါ။ ပြီးရင် ပြန်လည်ဖွင့်ကြည့်ပါ။ မိမိပေးထားသော **Password** အသစ်ကို ပြန်လည်ရိုက်ထည့်ပေးလိုက်ပါ။

ဟူးးးးးးး စာရိုက်ရတာ လက်တောင်ညောင်းလာပြီ... တော်ပြီနော်။ စာဖတ်သူလည်း လွယ်လွယ်ကူကူ စမ်းကြည့်နိုင်ပါစေ။